Mekong Migration Network (MMN)

**အကူအညီ လိုအပ်နေသည့် အိမ်နီးချင်း နိုင်ငံ**

**မြန်မာနိုင်ငံ အာဏာသိမ်းပြီးကာလ မှ စ၍ အကြောင်းအမျိုးမျိုးဖြင့် ရွှေ့ပြောင်းသွားလာ**

**နေထိုင်ခြင်းအပေါ် ထိုင်းနိုင်ငံ၏ တုံ့ပြန်မှုအား ဆန်းစစ်ခြင်း**

## အစီရင်ခံစာ အကျဉ်းချုပ်

မဲခေါင်ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ ကွန်ရက် (MMN) သည် မဟာမဲခေါင်ဒေသခွဲမှ ရွှေ့ပြောင်းနေထိုင်သူများ၏ အခွင့်အရေးများကို မြင့်တင် ကာကွယ်ပေးသည့် သုတေသန အဖွဲ့များနှင့် မြေပြင်အဆင့် လှုပ်ရှားမှုများ ပြုလုပ်နေသည့် အဖွဲ့အစည်းများအပါအဝင် လူထုအခြေပြုအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားသည့် ကွန်ရက်အဖွဲ့ တစ်ခု ဖြစ်သည်။ ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံ အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက်၊ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ အလုပ်အကိုင် ရှာဖွေရန်ဖြစ်စေ၊ ခိုလှုံရန် ဖြစ်စေ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိလာကြသည့် ရွှေ့ပြောင်း နေထိုင်သူများသည် များစွာသော ဘေးအန္တရာယ်ကို ကြုံတွေ့ နေကြရပါသည်။ အာဏာသိမ်းကာလအလွန် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလာသည့် အကြမ်းဖက်မှုများ၊ စီးပွားရေး ယိုယွင်းမှုများနှင့် လူသားချင်းစာနာမှုဆိုင်ရာ ကပ်ဘေးအန္တရာယ်များသည် ထိုင်းနိုင်ငံသို့ ပြောင်းရွှေ့ရန် တွန်းအား ဖြစ်စေပါသည်။ အဆိုပါ အခြေအနေများကြောင့် MMN မှ အောက်ပါ ရည်ရွယ်ချက်များဖြင့် ဤသုသေတန စာတမ်းအား ထုတ်ဝေခြင်း ဖြစ်သည်။ (၁) အာဏာသိမ်းပြီး ထိုင်းနိုင်ငံသို့ ရောက်ရှိလာသည့် မြန်မာ ရွှေ့ပြောင်းနေထိုင်သူများအပေါ် ထိုင်းနိုင်ငံ၏ မူဝါဒပိုင်းဆိုင်ရာ ချဉ်းကပ်မှုများကို ပိုမို နားလည်စေရန်။ (၂) အဆိုပါ ရွှေ့ပြောင်းနေထိုင်သူများ၏ အခြေအနေ ပိုမိုကောင်းမွန်လာစေရန်အတွက် မူဝါဒ ရေးဆွဲသူများအား ခိုင်မာ တိကျသည့် အကြံပြုချက်များ ပြုလုပ်နိုင်ရန်။ (၃) ယခု စာတမ်းသည် MMN အပြင် ရွှေ့ပြောင်းနေထိုင်သူများ၏ အခွင့်အရေးနှင့် ပတ်သက်ပြီး လုပ်ဆောင်နေကြသည့် အခြားသော အဖွဲ့အစည်းများအတွက် ပိုမို ထိရောက်သည့် စည်းရုံးလှုံ့ဆော်ရေး မဟာဗျူဟာများ ချမှတ်ရာတွင် အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

## သုတေသန နည်းစနစ်

ဤသုတေသန စာတမ်း ပြုစုရာတွင်၊ MMN အနေဖြင့် ဖော်ပြပါ အခြေအနေအား စိုးရိမ်ကာ စာတမ်းပြုစုရန် စိတ်ဝင်စားသည့် မိမိတို့ အဖွဲ့ဝင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေး (၂) ကြိမ် ပြုလုပ်ခဲ့ကြပါသည်။ ထို့နောက်၊ မိမိတို့အနေဖြင့် ထိုင်းအစိုးရ ဌာန အသီးသီးနှင့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား အဓိက အချက်အလက်ပေးသူများအဖြစ် အရည်အသွေးစံထားသည့် တွေ့ဆုံမေးမြန်းမှု (၁၆) ခုကို ပြုလုပ်ခဲ့ပါသည်။ အဓိက အချက်အလက်ပေးသူများအား ချဉ်းကပ်ရာတွင် မြေပြင်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများအား

သိရှိသူများနှင့် ထိုင်း-မြန်မာ နယ်စပ် သို့မဟုတ် နယ်စပ်အနီးမှ ရွှေ့ပြောင်း သွားလာခြင်းနှင့် ပတ်သက်သည့် အတွေ့အကြုံရှိသူများအပြင် မူဝါဒပိုင်းဆိုင်ရာ ကျွမ်းကျင်သူများကို အဓိကထား ရွေးချယ်ကာ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ အဓိက အချက်အလက်ပေးသူများ၏ တွေ့ဆုံမေးမြန်းမှုအတွင်း ဖြေကြားချက်များကို စာတမ်းတွင် ထည့်သွင်းဖော်ပြရာတွင် မည်သူမည်ဝါ ဖြေဆိုကြောင်း မသိသာ စေရန် အမည်များကို ထိန်ချန် ထားပါသည်။ ကွင်းဆင်းတွေ့ဆုံမေးမြန်းမှုများကို ၂၀၂၂ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့ကာ ရှိနှင့်ပြီးစာအုပ် စာတမ်း လေ့လာမှုအဖြစ် အများပြည်သူ ကြည့်ရှုနိုင်သည့် နေရာများတွင် ဖော်ပြပါရှိသည့် သတင်းအချက်အလက်များဖြင့် ထပ်မံ ဖြည့်စွက် ထားပါသည်။

**အဓိက တွေ့ရှိချက်များ**

သုတေသန အထောက်အကူပြု အချက်အလက်များအား လေ့လာဆန်းစစ်ချက်အရ၊ အာဏာသိမ်း ကာလအပြီးတွင် ပုံမှန် ရွှေ့ပြောင်း သွားလာမှုအား ပိုမိုတင်းကြပ်စွာ ကိုင်တွယ်ရန် ထိုင်းနိုင်ငံအစိုးရ၏ ဆုံးဖြတ်ချက်သည် မြန်မာ ရွှေ့ပြောင်း နေထိုင်သူများအား အလွန်ဆိုးရွားသည့် အခက်အခဲများကို ကြုံတွေ့စေပြီး အကျင့်ပျက် ပွဲစားများ လက်ထဲသို့ ရောက်ရှိရန် တွန်းပို့ နေသည်။ ထိုင်းနိုင်ငံသို့ ရောက်ရှိရန် အန္တရာယ်များဖြင့် ပြည့်နက်နေသည့် ပဋိပက္ခဇုန်များနှင့် စပ်တပ် တင်းကြပ်ထားသည့် နယ်စပ်များကို ဖြတ်ကျော်ကြရသည် သာမက ပွဲစားများ၏ မတန်တဆ တောင်းယူသည့် အခကြေးငွေများကြောင့် ရွှေ့ပြောင်း နေထိုင်သူများအနေဖြင့် ကြွေးမြီ ပိုမို များပြား လာကြသည်။ အာဏာသိမ်း ကာလအလွန် အခြေအနေများနှင့် ရင်းနှီးသည့် ထိုင်း အစိုးရ အာဏာပိုင်များနှင့် လူမှုအဖွဲ့အစည်းများအား တွေ့ဆုံမေးမြန်းချက်များအရ ရွှေ့ပြောင်း နေထိုင်သူများအနေဖြင့် ထိုင်းနိုင်ငံသို့ လျှို့ဝှက် သွားရောက်နိုင်ရန်နှင့် အလုပ်အကိုင် ရရှိရန် အခကြေးငွေ ဘတ် (၁၅၀၀၀) မှ (၂၉၀၀၀) (ကန်ဒေါ်လာ ၄၆၉-၉၀၆) အထိ ပေးကြရကြောင်း သိရသည်။ အဆိုပါ အခကြေးငွေသည် ရွှေ့ပြောင်း လုပ်သားများ ထိုင်းနိုင်ငံ၏ အနည်းဆုံး သတ်မှတ်လုပ်အားခ ပုံမှန်ရရှိပါက (၂) လ နှင့် (၄) လ လုပ်ခ လစာ နှင့် ညီမျှသော်လည်း MMN ၏ အတွေ့အကြုံအရ ရွှေ့ပြောင်း လုပ်သားများ ထိုင်းနိုင်ငံ၏ အနည်းဆုံး သတ်မှတ် လုပ်အားခအတိုင်း မရကြသည်က များသည်။

မိမိတို့ လေ့လာတွေ့ရှိချက်အရ လက်တွေ့ လုပ်ဆောင်ချက်များတွင် ဆန့်ကျင်ဘက် မူဝါဒဆိုင်ရာ ချဉ်းကပ်မှုများ မြင်တွေ့ရသည်။ ထိုင်းနိုင်ငံ အစိုးရအနေဖြင့် ၎င်းတို့၏ ထုတ်ပြန်ချက်တွင် "အတင်းအကြပ် နေရပ်ပြန်မပို့ရေးမူကို လေးစားမည်" ဟု ထုတ်ပြန်ထားသော်လည်း မိမိတို့ သုတေသန တွေ့ရှိချက်အရ မြန်မာနိုင်ငံမှ ရောက်ရှိလာကြသူများအား အာဏာသုံးကာ မတရား ဖမ်းဆီးခြင်းနှင့် "အတင်းအကြပ် နေရပ် ပြန်လည်ပို့ဆောင်ခြင်း"များ လုပ်ဆောင်နေကြောင်း တွေ့ရသည်။ MMNမှ လေ့လာမှု ပြုလုပ်စဉ်အတွင်း ထိုင်း အစိုးရအာဏာပိုင် တစ်ဦးနှင့် တွေ့ဆုံမေးမြန်းမှုတွင် အာဏာသိမ်းကာလအလွန် ***မြန်မာနိုင်ငံမှ ရောက်ရှိလာသူများသည် "အမျိုးသား လုံခြုံရေး ကောင်စီရဲ့ တာဝန်ဖြစ်တယ်.... ပြီးတော့ [ထိုင်း]***

***စစ်တပ်ကလည်း မြန်မာနိုင်ငံကနေ ရောက်လာတဲ့သူတွေကို ချက်ချင်း ဖမ်းစီးပြီး နေရပ် ပြန်လည်ပို့ဖို့ မူဝါဒ ချမှတ်ထားပါတယ်"*** ဟု အတည်ပြု ပြောကြားသည်။ ထို့အပြင် လူမှုအဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ် တစ်ဦးက "ဖမ်းစီးခံရနိုင်တဲ့ အန္တရာယ်က ပိုများလာတယ်" ထိုသည်သာမက "သူတို့ရဲ့ ကိုယ်ရေးအချက် အလက်တွေကို စစ်ကောင်စီ ကို ပို့ပေးတာမျိုးတွေလည်း ကြုံတွေ့ရနိုင်တယ်" ဟု ထပ်မံ အတည်ပြု ပြောကြားခဲ့သည်။

အခြေအနေများ ပိုမိုကောင်းမွန်လာစေရန် ထိုင်းနိုင်ငံ အစိုးရအတွက် မူဝါဒဆိုင်ရာ ရွေးချယ်စရာ အနေဖြင့် မိမိတို့ လေ့လာမှုတွင် အာဏာသိမ်းကာလအလွန် မြန်မာနိုင်ငံမှ ရောက်ရှိလာသူများအား ယာယီ အကာအကွယ်ပေးစနစ် ပုံစံတစ်ရပ် အသက်သွင်း အကောင်အထည်ဖော် နိုင်ရန် ရှာဖွေခဲ့သည်။ ကမ္ဘာအရပ်ရပ်မှ ဥပမာများအား ကြည့်ခြင်းအားဖြင့်၊ ထိုကဲ့သို့ချဉ်းကပ်မှုများသည် ရွှေ့ပြောင်း နေထိုင်သူများအား တရားဝင် နေထိုင်ခွင့်၊ အလုပ်လုပ်ကိုင်ခွင့်နှင့် လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ပေးနိုင်ကြောင်း မြင်တွေ့ရသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းဖြင့် ရွှေ့ပြောင်း နေထိုင်သူများအား အသက်ရှုချောင်စေကာပိုမို အခြေကျသည့် အခြေအနေတစ်ခု ရောက်လိမ့်မည်ဖြစ်သည်။ ထိုင်းနိုင်ငံ အစိုးရအတွက် ယာယီ အကာအကွယ်ပေးစနစ်သည် လက်တွေ့ကျသည့် အဖြေတစ်ရပ်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုတော့ အဆိုပါ စနစ်သည် ပြည်တွင်း လုပ်အား ဈေးကွက်အတွက် လိုအပ်သည့် လုပ်အားပိုမို ရရှိစေမည်သာမက ထိုင်းနိုင်ငံအစိုးရအတွက် ရှုပ်ထွေးသည့် စီစစ်ရေး လုပ်ငန်းစဉ်များ မလုပ်ဆောင်ရသည့်အပြင် အတင်းအကြပ် နေရပ်ပြန်မပို့ရေးမူကို စောင့်ထိန်းပြီးသား ဖြစ်စေမှာ ဖြစ်သည်။ သို့သော်၊ အဆိုပါ စနစ်သည် ရှုပ်ထွေးသည့် နိုင်ငံရေး ဖြစ်စဉ်ကာလ ယခုအခြေအနေတွင် လက်တွေ့ အကောင်အထည်ဖော်ရန်မှာမူ စောင့်ကြည့်ရမည်ဖြစ်ကြောင်း လေ့လာမှုတွင် တွေ့မြင်ရပါသည်။

## အကြံပြုချက်များ

လေ့လာတွေ့ရှိချက်များအရ သော်လည်းကောင်း၊ မြန်မာနိုင်ငံ၏ ကြောက်မက်ဖွယ်ရာ လူသားချင်းစာနာမှုနှင့် လုံခြုံရေး အခြေအနေများအရ သော်လည်းကောင်း၊ လူ့အခွင့်အရေး စံနှုန်းများအရသော်လည်းကောင်း၊ MMN မနေဖြင့် အလုံးစုံ ပါဝင်ပြီး လူ့အခွင့်အရေးကို ရှေးရှုကာ မြန်မာနိုင်ငံမှ ရွှေ့ပြောင်း နေထိုင်သူများကို အကာအကွယ်ပေးနိုင်သည့် ရွှေ့ပြောင်း သွားလာရေးစနစ်ကို ထိုင်းနိုင်ငံတော် အစိုးရမှ အကောင်အထည်ဖော် ဆောင်ရွက်ရန် တောင်းဆိုလိုက်ပါသည်။

၁။ မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ခိုလှုံရန်ဖြစ်စေ၊ အလုပ်အကိုင် ရရှိရန် ဖြစ်စေ၊ ရောက်ရှိလာကြသူများကို **ဖမ်းဆီးခြင်းနှင့် အတင်းအကြပ် နေရပ်ပြန်ပို့ခြင်းကို ရပ်တန့်ပေးရန်။** နေရပ်ပြန်ပို့မှု ပြုလုပ်ရန် ရှိပါက အတင်းအကြပ် မဖြစ်စေပဲ ကြိုတင် သဘောတူညီမှု ရယူရန်။ မြန်မာနိုင်ငံသို့ ပြန်လည်အခြေချ နိုင်ရန်

ပြင်ဆင်သည့်အနေဖြင့် နေရပ်ပြန်ကာ အခြေအနေ သွားရောက် လေ့လာသူများမှ ထိုင်းနိုင်ငံသို့ ပြန်လည် ဝင်ရောက် လာပါက ပစ်ဒဏ်ပေးမှု မရှိစေရန်။

၂။ မြန်မာ စစ်တပ်၏ အန္တရာယ်မှ ဘေးကင်းလုံခြုံပြီး ကူညီစောင့်ရှောက်ရေး အဖွဲ့အစည်းများ လက်လှမ်းမှီသော နေရာများတွင် **လုံလောက်သော နေရာထိုင်ခင်း၊ အစားအသောက်များနှင့် အခြေခံ လိုအပ်ချက်များ ချက်ချင်း ပေးအပ်ရန်။**

၃။ လူပုဂ္ဂိုလ် တစ်ဦးချင်း၏ လိုအပ်ချက်များကို သိရှိနိုင်ရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံအဆင့် အဖွဲ့အစည်းများ၊ ဌာနေ အဖွဲ့အစည်းများနှင့် ညှိနှိုင်းကာ မြန်မာနိုင်ငံမှ ရောက်ရှိလာသူများအား **လိုအပ်ချက် ဆန်းစစ်မှု တွေ့ဆုံမေးမြန်းခြင်းများ ဆောင်ရွက်ရန်။**

၄။ ထိုင်းနိုင်ငံအတွင်း နေထိုင်နိုင်ရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင် ရရှိနိုင်ရန်အပြင် ထိုင်းနိုင်ငံအတွင်း သွားလာခွင့်ရှိသည့် **အထောက်အထားများ ပေးအပ်ရန်။**

၅။ အပြည်အပြည်ဆိုင်ရာ အေဂျင်စီများ၊ သံရုံးများနှင့် ညှိနှိုင်းကာ လိုအပ်နေသည့် မြန်မာနိုင်ငံသားများကို **တတိယနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်နိုင်အောင် ကူညီဆောင်ရွက်ရန်။**

နိဂုံးချုပ်အနေဖြင့်၊ ၎င်း အကြံပြုချက်များသည် Association of Southeast Asian Nationals (ASEAN) နှင့် ညှိနှိုင်းကာ ပိုမို ကျယ်ပြန့်သည့် ဒေသအဆင့် တုံ့ပြန်မှု ဖြစ်သင့်ပြီး အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်း အနေဖြင့်လည်း ပဋိပက္ခဖြစ်ပွားရာ အရင်းအမြစ်ဖြစ်သည့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ပြန်လည် ရရှိရေးကိုကူညီပေးကာ ပဋိပက္ခများကို သက်သာစေရန်အတွက် ဖြစ်ပါသည်။